# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# အဋ္ဌမနေ့ အစီအစဉ်

# [ ၃၁ – ၈ – ၂၀၁၁]

# (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်၊ မိုးမိတ် မဲဆန္ဒနယ်၏ **"ဓာတ်မြေသြဇာများ ဖြန့်ဝေပေးခြင်း"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးအောင်စိန်သာ၊ မင်းပြား မဲဆန္ဒနယ်၏ **"မြန်မာနိုင်ငံတစ်ဝှမ်းရှိ စားကျက်မြေများ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးဝင်းစိန်၊ ကဝ မဲဆန္ဒနယ်၏ **"ကဝမြို့နယ်ရှိ တူးမြောင်းကြီးများ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးမိုးဇော်ဟိန်း၊ ကသာ မဲဆန္ဒနယ်၏ **"ရွှေလီတာတမံ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံ မဲဆန္ဒနယ်၏ **"လျှပ်စစ်မီတာခများအား ကြိုတင်ပေးဆောင်သောစနစ်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးမောင်မောင်စိုး၊ သာကေတ မဲဆန္ဒနယ်၏ **"လျှပ်စစ်မီးတိုင် (သစ်သားတိုင်)များလဲလှယ်တပ်ဆင်ပေးရန်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးဝင်းသိန်း၊ ပင်လည်ဘူး မဲဆန္ဒနယ်၏ **"မဟာဓာတ်အားလိုင်း သွယ်တန်းပေးရန် အစီအစဉ်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဒေါ်မိမြင့်သန်း၊ ရေး မဲဆန္ဒနယ်၏ **"လျှပ်စစ် မဟာဓာတ်အားလိုင်းကို ရေးမြို့နယ်သို့ ပေးဝေရန် အစီအစဉ်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဦးဇော်ဝင်းအောင်၊ မြင်းမူ မဲဆန္ဒနယ်၏ **"မြင်းမူမြို့မွေးမြူရေးနှင့် ကုသရေးဓာတ်ခွဲခန်း"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ည) ဦးမောင်မောင်သိမ်း၊ ခရမ်း မဲဆန္ဒနယ်၏ **"ငါးမွေးမြူရေးလုပ်ငန်း အခက်အခဲများ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

၆။ ဦးစိုးသာ၊ တွံတေးမဲဆန္ဒနယ်၏ **"ဈေးကွက်တွင်ဖြစ်ပေါ်နေသော အမေရိကန် ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်း ကျဆင်းမှုကြောင့် အခက်အခဲ ကြုံတွေ့နေရသည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး အတွက် စီမံဆောင်ရွက်ပေးပါရန်"** အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးဌေးမြင့်၊ မြိတ် မဲဆန္ဒနယ်။

(ခ) ဒေါက်တာဝင်းမြင့်၊ လှိုင် မဲဆန္ဒနယ်။

(ဂ) ဦးကိုကြီး၊ အောင်မြေသာစံ မဲဆန္ဒနယ်။

(ဃ) ဦးညွန့်လှိုင်၊ ဖြူး မဲဆန္ဒနယ်။

( င ) ဦးရဲထွန်း(ခ)ဦးမင်းထွန်း၊ သီပေါ မဲဆန္ဒနယ်။

( စ ) ဦးဝင်းဦး၊ ရေဖြူ မဲဆန္ဒနယ်။

(ဆ) ဦးကြည်မြင့်၊ လသာ မဲဆန္ဒနယ်။

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်း။

၈။ အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၉။ ဦးစိုးစိုး၊ ထီးချိုင့် မဲဆန္ဒနယ်၏ **"မြေယာမှုခင်းများကို စစ်ဆေးဆုံးဖြတ်ရာတွင် စကားရပ်များအစားထိုးခြင်း ဥပဒေအရ တစ်ဦးတည်းကို အခွင့်အာဏာပေးခြင်းထက် ကော်မတီပုံသဏ္ဌာန်ဖြင့် ဆောင်ရွက်သင့်ပါကြောင်း"** အဆို တင်သွင်းခြင်း။

၁၀။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၁။ ဦးဖုံးတိန့်၊ ချီဖွေ မဲဆန္ဒနယ်၏ **" ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ စတုတ္ထစပါးကျီ ဖြစ်ရမည်ဟူသော ရည်မှန်းချက်များ အောင်မြင်ရေးအတွက် စိုက်ပျိုးရေရရှိရေး၊ ဆည်မြောင်း၊ တာတမံများ ဒေသအခြေအနေအရ တည်ဆောက်ပေးရေး "** အဆို တင်သွင်းခြင်း။

၁၂။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၃။ **“ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က တင်သွင်းခြင်း။

၁၄။ **“ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ(သို့မဟုတ်) ဥက္ကဋ္ဌက တာဝန် ပေးအပ်သူက ဖတ်ကြားရှင်းလင်းခြင်း။

၁၅။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **“ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း နှင့် ဥပဒေကြမ်းကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး အဋ္ဌမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။